# ကူမင်းမြို့မှ တောင်အာရှ၊ အရှေ့တောင်အာရှသို့ ပျံသန်းပြေးဆွဲသည့် လေကြောင်းလိုင်း (၁၆) လိုင်းအသစ်ဖွင့်လှစ်မည်

မကြာမီရက်ပိုင်းတွင်ယူနန်ပြည်နယ် မြို့ပြလေကြောင်း ဖွံ့ဖြိုးတိုးတက်မှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သက်ဆိုင်ရာတာဝန်ရှိသူက ၂၀၁၆-၂၀၁၇ခုနှစ်(၂)နှစ်အတွင်း ကူမင်း-ဂျကာတာ လေကြောင်းလိုင်း အပါအဝင် တောင်အာရှ၊ အရှေ့တောင်အာရှလေကြောင်းလိုင်း (၁၆)လိုင်းကို အသစ်ဖွင့်လှစ်ပြေးဆွဲနိုင်ရန် ကြိုးစားသွားမည်ဖြစ်ကြောင်း၊ အလားတူကာလတွင်ယူနန်မှစတင်ထွက်ခွာ၍ တောင်အာရှ အရှေ့တောင်အာရှနိုင်ငံရှိမြို့တော်၊ စီးပွားရေးနှင့် ခရီးသွားမြို့ကြီးသို့ လေကြောင်းလိုင်း (၂၀)အထက် တိုးချဲ့ပြေးဆွဲပြီး ထောက်ပံ့ကြေးအသင့်အသင့် ပေးသွားမည်ဖြစ်ကြောင်း၊ ၎င်းအနက် အသစ်ဖွင့်လှစ်သော လေကြောင်းလိုင်းများမှာ အသွားအပြန် ခရီးတစ်ကြိမ်လျှင် အနည်းဆုံးထောက်ပံ့ကြေး ယွမ်ငွေ ၄ သောင်း၊ အမြင့်ဆုံးထောက်ပံ့ကြေး ယွမ်ငွေ၄သိန်း ပေးမည်ဖြစ်ကြောင်းပြောသည်။

သက်ဆိုင်ရာ တာဝန်ရှိသူ၏ မိတ်ဆက်ခြင်းအရ ယခုနှစ်အတွင်း တောင်အာရှ၊ အရှေ့တောင်အာရှသို့ ပျံသန်းပြေးဆွဲမည့် လေကြောင်းလိုင်း (၇)လိုင်းကို အလေးပေး အသစ်ဖွင့်လှစ်ပြီး (၁၁) လိုင်းအထိကြိုးစားသွားမည်ဖြစ်ကြောင်း၊ ကူမင်းမြို့မှ Sihanoukville, Nha Trang, Kota Kinabalu, Jakarta, Phnom Penh, Mumbai, Luang Prabang စသည့် လေကြောင်းလိုင်းများကို အဓိကထားပြေးဆွဲ သွားမည်ဖြစ်ကြောင်း၊ ၎င်းအနက် ကူမင်းမြို့မှ Sihanoukville, Nha Trang, Kota Kinabaluသို့ ပျံသန်းပြေးဆွဲသည့် လေကြောင်းလိုင်းများကို ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း၊ လာမည့်နှစ်တွင်အလေးပေး လေကြောင်းလိုင်းသစ် (၃)လိုင်းဖွင့်လှစ်ရန်လျာထားပြီး (၅)လိုင်းအထိ ကြိုးစားသွားမည်ဖြစ်ကြောင်း၊ ကူမင်းမြို့မှ Manila, Islamabad, Bandar Seri Begawanသို့ပြေးဆွဲသည့် လေကြောင်းလိုင်းများကို အလေးပေး ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ကူမင်းမြို့မှ Chennai, Medanသို့ပြေးဆွဲမည့် လေကြောင်းလိုင်းများဖွင့်လှစ်နိုင်ရန် ကြိုးစားသွားမည်ဖြစ်ကြောင်း၊ ယခုနှစ်အတွင်း ကူမင်းမြို့မှ Sydney, Los Angeles, Moscow စသည့် တိုက်ချင်းဆက်လေကြောင်းလိုင်းများကို ဆက်လက်ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း၊ ၂၀၂၀ပြည့်နှစ်ကျလျှင် တစ်ပြည်နယ်လုံးရှိတင်ထွက်ခွာသည့်လေကြောင်းလိုင်း စုစုပေါင်း (၄၆၀)လိုင်းအထက်ရှိအောင် ကြိုးစားသွားမည်ဖြစ်ကြောင်း၊ ၎င်းအနက် အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းနှင့် ဟောင်ကောင်၊ မကာအို၊ ထိုင်ဝမ် စသည့်ဒေသများသို့ ပျံသန်းပြေးဆွဲသည့် လေကြောင်းလိုင်းမှာ စုစုပေါင်း (၉၀) လိုင်း အထက်ရှိအောင် ကြိုးစားသွားမည်ဖြစ်ကြောင်း သိရသည်။



ထောက်ပံ့ကြေးနှင့်ပတ်သက်၍ယင်း တာဝန်ရှိသူက ကူမင်းမြို့မှဘာလီကျွန်းသို့ ပြေးဆွဲသောလေကြောင်းလိုင်း၏ ထောက်ပံ့ကြေးများမှာအမြင့်ဆုံးဖြစ်ကြောင်း၊ ၎င်းအနက်လေယာဉ်ငယ်အတွက် ယွမ်ငွေ ၁. ၆သိန်းကိုလည်းကောင်း၊ လေယာဉ်ကြီးအတွက်ယွမ်ငွေ ၄သိန်းကိုလည်းကောင်း အသီးသီး ထောက်ပံ့ပေးမည်ဖြစ်ကြောင်း မိတ်ဆက်လိုက်သည်။

သတင်းထောက် - လူရှောင်ဖေး

ဓာတ်ပုံသတင်း

## ထိုင်းနိုင်ငံ စားကောင်းသောက်ဖွယ်ပွဲတော်ကို ကူမင်းမြို့တွင် ကျင်းပ



လတ်တလောရက်ပိုင်းတွင် ကူမင်းမြို့အခြေစိုက် ထိုင်းကောင်စစ်ဝန်ချုပ်ရုံးမှကူမင်းဗဟိုအပန်းဖြေဟိုတယ်နှင့် ပူးပေါင်းကျင်းပသော "ကူမင်းမြို့ရှိ ထိုင်းအစားအသောက်များ"စားကောင်းသောက်ဖွယ်ပွဲတော်ကိုကူမင်းမြို့တွင် ကျင်းပခဲ့သည်။ စုံစမ်းမေးမြန်းခြင်းအရ အဆိုပါပွဲတော်ကို စက်တင်ဘာလ ၃၀ ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ ပိုမိုများပြားသော ကူမင်းမြို့သူ မြို့သားများအား စစ်မှန်သော ထိုင်းအရသာများကိုမြည်းစားနိုင်ရန်အတွက် ပွဲတော်ကျင်းပဖက်သည် ထိုင်းနိုင်ငံရှိ နာမည်ကျော် စားကောင်းသောက်ဖွယ် အချက်အပြုတ်အဖွဲ့အစည်းဖြစ်သည့် ထိုင်းယီတူစီ တက္ကသိုလ်အချက်အပြုတ် စာသင်ကျောင်းမှ စားဖိုမှူးနှစ်ဦးကို အထူးဖိတ်ကြားထားပြီးအစစ်မှန်ဆုံးသော ချက်ပြုတ်နည်းဖြင့် ဆန်းကျယ်သော၊ အရသာထူးကဲသော ထိုင်းအစားအသောက်များကို ချက်ပြုတ်စေခဲ့သည်။ အသုံးပြုခဲ့သည့်အဓိက အစားအသောက်ကုန်ကြမ်းနှင့် ဟင်းခတ်အမွှေးအကြိုင်များကို ထိုင်းနိုင်ငံမှ လေကြောင်းဖြင့်ပို့ဆောင်လာခြင်းဖြစ်သည်။ စားကောင်းသောက်ဖွယ် ပွဲတော်ကျင်းပစဉ် ကာလအတွင်း ထိုင်းနိုင်ငံဝိသေသ ထူးခြားချက်ပါသော ကုန်ပစ္စည်းများပြပွဲ၊ ထိုင်းရိုးရာအဆိုအက တင်ဆက်ဖျော်ဖြေပွဲစသည့် လှုပ်ရှားမှုများကိုလည်း ကျင်းပသွားမည်ဖြစ်သည်။

သတင်းထောက် - ဝမ်ကျင့်

## ပထမအကြိမ်လန်ချန်း-မဲခေါင်ဒေသကုန်စည်ပြပွဲကို နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ကူမင်းမြို့၌ ကျင်းပမည်

သတင်းထောက်က ကူမင်းမြို့ပြပွဲရေးရာဌာနမှရရှိသောသတင်းအရ ပထမအကြိမ် "လန်ချန်း-မဲခေါင်ဒေသခွဲ နိုင်ငံများကုန်စည်ပြပွဲ"ကို နိုဝင်ဘာ ၁၅-၂၀ ရက်နေ့တွင် ကူမင်းတျန်းချီ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ယခုအကြိမ်ကုန်စည်ပြပွဲကို တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်(၆)နိုင်ငံတို့မှ အတူတကွ ကြီးမှူးကျင်းပ သွားမည်ဖြစ်သည်။ ပြပွဲ၏ဆောင်ပုဒ်မှာ "တစ်ရေတည်းသောက်၊ ဖွံ့ဖြိုးတိုးတက်မှုကို အတူတကွကြံဆစို့"ဖြစ်သည်။ ပြပွဲပါဝင်တက်ရောက်ရန်အဆိုပါနိုင်ငံ (၆)နိုင်ငံတို့မှ လုပ်ငန်းရှင်များကို ဖိတ်ကြားသွားမည်ဖြစ်သည်။ နိုင်ငံတကာအဆင့်မီပြခန်း (၃၂၀၀)ခုကို စီစဉ်သွားပြီးပြခန်းနေရာ ဧရိယာအကျယ်အဝန်းမှာ စတုရန်းမီတာ(၈)သောင်းရှိသည်။ အဓိကအားဖြင့် ပင်မဧည့်သည်နိုင်ငံပြတိုက်၊ လန်ချန်း-မဲခေါင်အကျိုးတူပူးပေါင်းဆောင်ရွက်ရေး နိုင်ငံများပြတိုက်၊ အပြည်ပြည်ဆိုင်ရာပြတိုက်၊ ယူနန်ပြည်နယ်ရှိခရိုင်များမှ လက်ရာမြောက်ကုန်ပစ္စည်းများပြတိုက် စသည့်ပြတိုက်များ ပါဝင်ပါသည်။ အဆိုပါကုန်စည်ပြပွဲကို ပုံမှန်ဖလှယ်ရေး စင်မြင့်အဖြစ်ထားပြီး နောက်နောင်တွင် တစ်နှစ်တစ်ကြိမ် ကျင်းပသွားမည်ဖြစ်သည်။




ယခုအကြိမ်ကုန်စည်ပြပွဲ၏ ပင်မဧည့်သည်နိုင်ငံမှာ ထိုင်းနိုင်ငံဖြစ်သည်။ ထိုင်းနိုင်ငံပြည်ထဲရေးဝန်ကြီးဌာနက ထိုင်းနိုင်ငံရှိ စားသောက်ကုန်၊ ဖျော်ရည်ယမကာ၊ အဝတ်အထည်နှင့် လက်ဝတ်တန်ဆာ၊ အိမ်တွင်းအလှဆင်ပစ္စည်း၊ အမှတ်တရ လက်ဆောင်ပစ္စည်းနှင့် ထိုင်းတိုင်းရင်းဆေးစသည့်လုပ်ငန်းများမှလုပ်ငန်းရှင်(၃၀၀)ကျော်ကို စည်းရုံး၍ ထိုင်းနိုင်ငံOTOPခေါင်းစဉ် ပြပြတိုက်အဖြစ်ဖွဲ့စည်းသွားမည်ဖြစ်သည်။ ယင်းသည် ထိုင်းနိုင်ငံအစိုးရမှပြည်ပတွင် ပထမဆုံးအကြိမ်ကျင်းပသောပြပွဲအတွက် ကာလတစ်လျှောက်လုံးစီမံခန့်ခွဲ၍ ပြပွဲပါဝင်တက်ရောက်ရန် လုပ်ငန်းရှင်များကို စည်းရုံးခြင်းပင်ဖြစ်သည်။

ထို့ပြင်အဆိုပါကုန်စည်ပြပွဲအတွက် လန်ချန်း-မဲခေါင်အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုနိုင်ငံများ ပြတိုက်ဖွင့်လှစ်ပြီး မိမိနိုင်ငံ၏ နိုင်ငံ့ပုံရိပ်များကို ပြသနိုင်ရန် နိုင်ငံတိုင်းအတွက် နိုင်ငံ့ပုံရိပ်အထူးဇုန်များကို ဖွင့်လှစ်ပေးမည်ဖြစ်သည်။ အခြားနိုင်ငံများ၏ စီးပွားရေးနှင့် ယဉ်ကျေးမှုများကိုစုစည်းပြသနိုင်ရန် လန်ချန်း-မဲခေါင်အကျိုးတူပူးပေါင်း ဆောင်ရွက်မှုနိုင်ငံများအပြင်အပြည်ပြည်ဆိုင်ရာ ပြတိုက်ကိုလည်း ဖွင့်လှစ်ပေးမည်ဖြစ်သည်။ ယူနန်ပြည်နယ်ရှိ ခရိုင်များမှ လက်ရာမြောက်ကုန်ပစ္စည်းများပြတိုက်ကိုလည်း ဖွင့်လှစ်ပြီးယူနန်ပြည်နယ်၏စစ်မှန်သော၊ လက်ရာမြောက်သော ကုန်ပစ္စည်းများအား အပြည်ပြည်ဆိုင်ရာ လက်ရာမြောက်သောကုန်ပစ္စည်းများနှင့် ဖလှယ်ကုန်သွယ်စေရန် တွန်းအားပေးစေမည်ဖြစ်သည်။